# ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[ ၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀။ ]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင် အပိုဒ် (ဂ) အစား၊ အောက်ပါကို အပိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

" (ဂ) ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာနဝန်ကြီး။"

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃၂ တွင်—

(က) အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ်ထည့်သွင်းရမည်။

" (၂) ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတ ကပေးသည့် ညွှန်ကြားချက်များနှင့်မဆန့်ကျင်စေဘဲ၊ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ အရခွင့်ပြုထားသည့် ရ-သုံးမှန်းခြေငွေစာရင်းရှိ မည်သည့်ငွေကိုမဆို၊ သို့တည်းမဟုတ် ထိုငွေ၏မည်သည့်အစိတ်အပိုင်းကိုမဆို သုံးစွဲရန်အခွင့်အာဏာ ပေးထားသော်ငြားလည်း မသုံးစွဲသေးလျှင်၊ ထိုငွေကို မြန်မာနိုင်ငံသုတေသနအဖွဲ့ကဆိုခဲ့သည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် အခြားအသုံးစရိတ်တခုခုအတွက် သုံးစွဲရန် အခွင့်အာဏာပေးထားသည့်ငွေထက်ပို၍ သုံးစွဲမိသောငွေကိုကာမိရန် မည်သည့်အချိန်၌မဆို လွှဲပြောင်းသုံးစွဲနိုင်သည်။"

(ခ) ရှိရင်းပုဒ်မခွဲ (၂) ကို၊ ပုဒ်မခွဲ (၃) အဖြစ် ပြန်လည်၍အမှတ်စဉ်၍ ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၃) တွင် " ရ-သုံးမှန်းခြေငွေစာရင်းပါငွေ " ဆိုသည့်စကားရပ်အစား၊ " ရ-သုံးမှန်းခြေငွေစာရင်းပါ စုစုပေါင်းငွေ " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၃၃ အစား အောက်ပါကို ပုဒ်မ ၃၃ အဖြစ် ထည့်သွင်းရမည်။

အတိုး—၁၀ ပြား]

"၃၃။ ။(၁) မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့်ငွေစာရင်းများကိုငှင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုငှင်း၊ နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။ ထို့ပြင် ဘဏ္ဍာတော်နှစ် အသီးသီးနှင့်စပ်လျဉ်းသည့် မိမိ၏နှစ်ချုပ်ငွေစာရင်းကို၊ ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်းစီစဉ်ရေးသားရမည်။

ငွေစာရင်းစသည်များထား ရှိခြင်း။

(၂) မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ နိုင်ငံတော်သမတ က ဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက်၊ မိမိ၏ငွေစာရင်း ရှင်းတမ်းအမြင်၊ အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကို နိုင်ငံတော်သမတ ထံပေးပို့ရမည်။

(၃) မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်အပ်သော မှတ်ပုံဝင်စာရင်းစစ်များအား နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ မိမိ၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းယမ်းအတိုင်းကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ဤအက်ဥပဒေအရ ငွေစာရင်းများစစ်ဆေးရန်ကိစ္စအလို့ငှါ၊စာရင်းစစ်သည်၊ အမိန့်စာဖြင့်မိမိလိုအပ်သည်ဟုထင်မြင်သောစာအုပ်၊ စာချုပ်၊ ပဋိညာဉ်၊ ငွေစာရင်း၊ ဘောက်ချာလက်မှတ်နှင့်အခြား စာချုပ်စာတမ်းအားလုံးကို မိမိထံတင်ပြရန်ဆင့်ဆိုနိုင်သည့်ပြင်၊ ထိုစာအုပ်များ၊ စာချုပ်များ၊ ပဋိညာဉ်များ၊ ငွေစာရင်းများ၊ ဘောက်ချာလက်မှတ်များ၊ စာချုပ်စာတမ်းများ လက်ရှိဖြစ်သူ တဦးတယောက်ကိုသော်ငှင်း၊ ထိုစာအုပ်စသည်တို့နှင့်စပ်လျဉ်း၍ အကျိုးအကြောင်းပြောနိုင်သူ တဦးတယောက်ကိုသော်ငှင်း၊ ထို ငွေစာရင်းစစ်ဆေးရာသို့ လာရောက်ရန်ဆင့်ခေါ်၍၊ စာအုပ်စသည်တို့နှင့်စပ်လျဉ်း၍ထုတ်ဖော်ပြောဆိုစေပြီးလျှင်၊ထိုထုတ်ဖော်ပြောဆိုချက်ကို လက်မှတ်ရေးထိုးစေနိုင်သည်။

(၅) မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ မိမိ၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ နိုင်ငံတော်သမတ ထံသို့ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစောင်ကို၊ စာရင်းစစ်ချက် အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည့်ပြင်၊ ထိုရှင်းတမ်းနှင့် အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီကို၊ မိမိ၏ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၆) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျ

အမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏ လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စား တင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်း မပြုရ။’’

ပ၊မ၊ဗ၊စ၊—အမှတ် ၆၆၊ တရားရေးဝန်ကြီးဌာန၊၃၀-၁-၅၇—၂၂,၀၀၀—၂။